myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

August 8, 2019 Volume 22, Number 6

**၈.၈.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၀၁ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၀၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၈/ကျပ် |
| CBM Rate | = ၁၅၀၈.၄/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၁.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၉၁.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၃၃.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၂၁.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၂.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၄.၁၄ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၃၄၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၄.၇၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၀.၆၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၀၄၆ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## အော်ဂဲနစ်လက်ဖက်ခြောက်တစ်တန်ခွဲ ဂျာမနီသို့တင်ပို့မည်



အော်ဂဲနစ်လက်ဖက်ခြောက် တစ်တန်ခွဲကိုဂျာမနီနိုင်ငံသို့ တင်ပို့ရောင်းချမည်ဖြစ်ကြောင်း ပင်းတယလက်ဖက်အစုအဖွဲ့ဥက္ကဌ ဦးလှဘော်ကပြောသည်။ စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း အပြီးတင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ တင်ပို့ရောင်းချမည့် လက်ဖက်မှာ ဂရင်းတီးအမျိုးအစားဖြစ်ပြီး တစ်ပိဿာလျှင် ကျပ် ၁၅,၀၀၀ ရရှိပြီး ပြည်တွင်း၌ရောင်းချပါက တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀ ရရှိသည်ဟု ဦးလှဘော်ကပြောသည်။ ဂရင်းတီးလုပ်တဲ့ နည်းပညာကို မြန်မာနိုင်ငံလက်ဖက်အသင်းက ကူညီပေးတာပါ။ အဲဒီနည်းပညာကို တဖြည်းဖြည်း အဆင့်မြင့်လာအောင် လုပ်ငန်းလုပ်ရင်း လေ့လာသင်ယူရတာပါ။ ပြည်ပကို လေ့လာရေးသွားရင် လေ့လာလာတာရှိသလို အလည်လာရောက်တဲ့ နိုင်ငံခြားသားလက်ဖက်လုပ်ငန်းရှင်တွေဆီကလည်း အကြံဉာဏ်ကောင်းခံရတာတွေရှိပါတယ်ဟု ဦးလှဘော်က ပြောသည်။

နိုင်ငံတကာအသိအမှတ်ပြု အဖွဲ့အစည်းဖြစ်သည့် Control Union မှ အော်ဂဲနစ်လက်မှတ်ကို ရယူထားခြင်းဖြစ်သည်။ ဂျာမနီသို့ ရေကြောင်းဖြင့် တင်ပို့ရောင်းချမည်ဖြစ်ပြီး ပင်းတယလက်ဖက်အစုအဖွဲ့က ရန်ကုန်အထိ ကုန်ပစ္စည်းပို့ဆောင်သည့်စရိတ်ကိုသာ ကျခံရမည်ဖြစ်သည်။ လက်ဖက်ခြောက်တစ်ပိဿာလျှင် ရန်ကုန်သို့အရောက် ကျပ် ၆၀ ခန့် ကျသင့်သည်။ လက်ရှိ လက်ဖက်လုပ်ငန်းတွင် လုပ်သားရှားပါးမှုများကို ၂၀၁၆ ခုနှစ်ကပင် စတင်ကြုံတွေ့နေရပြီး လက်ဖက်ခူးဆွတ်သည့်လုပ်သားသည် နေ့စားအဖြစ် တစ်ရက်လျှင် ကျပ် ၅၀၀၀ ရရှိသည်။ လုပ်အားအပေါ်သတ်မှတ်သည့်လုပ်အားခအဖြစ် လက်ဖက်တစ်ပိဿာခူးဆွတ်ပါက ကျပ် ၅၀၀ ရရှိသည်ဟု ပင်းတယလက်ဖက်အစုအဖွဲ့ကသိရသည်။ ပင်းတယ လက်ဖက်အစုအဖွဲ့ကို အော်ဂဲနစ်လက်ဖက်စိုက်တောင်သူများဖြင့်ဖွဲ့စည်းထားသည်။

မြန်မာနိုင်ငံတွင် သောက်သုံးနေသည့် လက်ဖက်ရည်အများစုမှာ Black Tea GMP ဟုခေါ်သည့် လက်ဖက်ရည်အမျိုးအစားဖြစ်သည်။ နေဖြင့် အခြောက်ခံရရှိသည့်လက်ဖက်ခြောက်ကို Black Tea ဟုခေါ်ပြီး စက်ဖြင့် အခြောက်ခံသည့် လက်ဖက်ခြောက်ကို Green Tea ဟုခေါ်သည်။

**Source:** https://myanmar.mmtimes.com/news/126699.html

## အမေရိကန်နိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းများ ပင်လယ်နို့တိုက်သတ္တဝါများ ကာကွယ်သည့်ဥပဒေ၊ ပြဋ္ဌာန်းချက်များနှင့်အညီ တင်ပို့ရမည်

အမေရိကန်နိုင်ငံသို့ ရေထွက်ကုန်စည်များ တင်ပို့ကြမယ်ဆိုရင် ၁-၁-၂၀၁၇ ရက်နေ့တွင် စတင် သက်ဝင်ခဲ့သည့် အမေရိကန်နိုင်ငံ၏ ပင်လယ်နို့တိုက်သတ္တဝါများ ကာကွယ်သည့်ဥပဒေ (U.S. Marine Mammal Protection Act – MMPA) နှင့်အညီ တင်ပို့ကြရမှာ ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံသို့ ရေထွက်ကုန်စည်များ တင်သွင်းရာတွင် ပင်လယ်နို့တိုက်သတ္တဝါများ ကာကွယ်သည့်ဥပဒေ၊ ပြဋ္ဌာန်းချက်များ (MMPA) နှင့်အညီ ဖြစ်စေရန် နိုင်ငံအလိုက် တင်ပို့လျက်ရှိသည့် ရေထွက်ကုန်စာရင်းနှင့် ကုမ္ပဏီစာရင်း အစရှိသည့် သတင်းအချက်အလက်များ List of Foreign Fisheries (LOFF) ကိုပြုစုပေးပို့ရမည်ဖြစ်ပါသည်။ သို့ပါ၍ မြန်မာနိုင်ငံအနေဖြင့် လက်ရှိတွင် အမေရိကန်နိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့လျက်ရှိရာ LOFF စာရင်းဝင်နိုင်ငံ အဖြစ် ပါဝင်နိုင်ရေးနှင့် MMPA အား လိုက်ပါအကောင် အထည်ဖော်ရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် မြန်မာနိုင်ငံမှ Level of Marine Mammal by catch တိုးတက်မှုအစီရင်ခံစာတစ်စောင်အား အမေရိကန်နိုင်ငံ၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အမျိုးသားရေထွက်ကုန်စည် ဝန်ဆောင်မှုရုံး (U.S. Department of Commerce’s National Marine Fisheries Service) သို့ NOAA ဟု ခေါ်ဆိုသည့် web-based data portal မှတစ်ဆင့် ပေးပို့သွားရမည်ဖြစ်ပါသည်။ အမေရိကန်နိုင်ငံသို့ ရေထွက်ကုန်တင်ပို့သည့်နိုင်ငံများမှ လိုအပ်သောအချက်အလက်များကို ၃၁-၇-၂၀၁၉ ရက်နေ့ နောက်ဆုံးထား ပေးပို့ရန် သတ်မှတ်ထားသော်လည်း ထပ်တိုးကာလအဖြစ် ၁၃-၉-၂၀၁၉ ရက်နေ့ထိ ပြန်လည်သတ်မှတ်ခဲ့ပါတယ်။ MMPA ၏ သွင်းကုန်ဆိုင်ရာပြဋ္ဌာန်းချက်သည် ၁-၁-၂၀၂၂ ရက်နေ့တွင် စတင်အသက်ဝင်မည်ဖြစ်ရာ အမေရိကန်နိုင်ငံသို့ရေထွက်ပစ္စည်း တင်ပို့နေသည့်နိုင်ငံများအတွက် ပြင်ဆင်ချိန် (၂) နှစ် ကျော်သာကျန်ရှိတော့မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ပထမအဆင့်ဖြစ်သည့် LOFF စာရင်း တွင်ပါဝင်နိုင်ရေးကို အလေးထားဆောင်ရွက်သွားရန်ရှိပြီး အဆိုပါ LOFF စာရင်းတွင် ပါဝင်နိုင်ရန်အတွက် တိုးတက်မှုအစီရင်ခံစာ ရေးသားပြုစု၍ အမျိုးသားရေထွက်ကုန်စည် ဝန်ဆောင်မှုရုံးသို့ တင်ပြရေး ဆောင်ရွက်သွားရန် Primary Point of Contact အားသတ်မှတ်၍ တာဝန်ပေး ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ထို့နောက် Primary Point of Contact မှ User Account တစ်ခုရရှိရေးအတွက် MMPA.LOFF@noaa.gov သို့ အီးမေးလ်ဖြင့် ဆက်သွယ်ရယူ သွားရမည်ဖြစ်ပါသည်။ ထို့နောက် ဆင့်ပွားသုံးစွဲသူများအတွက် အကောင့်များကိုတည်ထောင် သုံးစွဲသွား နိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ Level of Marine Mammal by catch တိုးတက်မှု အစီရင်ခံစာရေးသားရာတွင် လိုအပ်သည့်အကြံပြုမှုများကို NOAA Fisheries MMPA Provisions Team မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းများ ပင်လယ်နို့တိုက်သတ္တဝါများကာကွယ်သည့်ဥပဒေ၊ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၂ ခုနှစ်နှောင်းပိုင်းကာလတွင် အမေရိကန်နိုင်ငံသို့ ရေထွက်ပစ္စည်းများ ဆက်လက်တင်ပို့နိုင်ရေးအတွက် မြန်မာနိုင်ငံမှ လိုက်ပါဆောင်ရွက်ရမယ့် လုပ်ထုံးလုပ်နည်းများကို အပြည့်အဝလိုက်ပါဆောင်ရွက်ခြင်းဖြင့် မြန်မာ့ရေထွက်ကုန်ပစ္စည်းများ အမေရိကန်နိုင်ငံသို့ ဆက်လက်တင်ပို့နိုင်ကြမှာဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်နိုင်ကြမှာဖြစ်ပါတယ်။

**Source:** https://bycatchreporting.fisheries.noaa.gov/

**စီးပွားရေးသံမှူး-USA**

## Thailand Board of Investment (BIO) နှင့် မန္တလေး ကုန်သည်၊ လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲပြုလုပ်



ထိုင်းနိုင်ငံ Thailand Board of Investment (BIO) နှင့် မန္တလေးမြို့ရှိ ကုန်သည်၊ လုပ်ငန်းရှင်များ စီးပွားရေး တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၉ ခုနှစ် ဩဂုတ်လ(၈) ရက်နေ့က မန္တလေးမြို့ ၇၈ လမ်းနှင့် ၃၄ လမ်းထောင့်၊ ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတွင် ကျင်းပပြုလုပ်ခဲ့သည်။ ယင်းတွေ့ဆုံပွဲတွင် ထိုင်းနိုင်ငံ Thailand Board of Investment (BIO) မှ Mr.Workan Kosolpisitkul ဦးဆောင်သည့် အဖွဲ့ဝင်(၄)ဦးနှင့် Fiscal Poliiy Research Institute မှ Dr.Wanasin Sattayanuwat ဦးဆောင်သည့် အဖွဲ့ဝင်(၆)ဦးတို့ပါဝင်၍ ထိုင်းနိုင်ငံရှိ ကုမ္ပဏီ(၁၃)ခုမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံမှ MRCCI ဥက္ကဋ္ဌ ဦးကျော်မင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်တို့ဦးဆောင်၍ သစ်သီးဝလံအသင်းမှလုပ်ငန်းရှင်များ၊ သတ္တုတွင်း/ကျောက်မျက်လုပ်ငန်းရှင်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့်စားဖိုဆောင်သုံး သီးနှံအသင်းမှကုန်သည်၊ လုပ်ငန်းရှင်များ ပါဝင်ဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးပွဲစလျှင် MRCCI ဥက္ကဋ္ဌ ဦးကျော်မင်းနှင့် BIO မှ Mr.Workan Kosolpisitkul တို့မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ ထိုင်းနိုင်ငံမှ စိုက်ပျိုးရေးထုတ်ကုန်လုပ်ငန်း၊ စားသောက်

ကုန်လုပ်ငန်း၊ သစ်သီးဖျော်ရည်လုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်း၊ ကောက်ရိုးမွေ့ယာ (ကောက်ရိုး အလှဆင်လုပ်ငန်း )၊ ပလတ်စတစ်ပိုက်၊ ပလတ်စတစ်ကွန်တိန်နာနှင့်ပလတ်စတစ်ပစ္စည်းများ၊ ITC နည်းပညာ ထုတ်ကုန် ပစ္စည်းများနှင့် Telecom ကဏ္ဍဆောက်လုပ်ရေးလုပ်ငန်း၊ ဆံပင်အလှဆင် လူသုံးကုန်ပစ္စည်းများ၊ ငရုတ်၊ ကြက်သွန်လုပ်ငန်း များ၊ Innovative ဝန်ဆောင်မှုလုပ်ငန်းများနှင့်သက်ဆိုင်သည့်လုပ်ငန်းရှင်များမှ မိမိတို့နှင့်သက်ဆိုင်ရာကဏ္ဍများအား ရှင်းလင်း ဆွေးနွေးခဲ့ရာ မန္တလေးလုပ်ငန်းရှင်များမှ သိရှိလိုသည့်မေးမြန်းချက်များအား ဖြေကြားခြင်း၊ လုပ်ငန်းရှင် အချင်းချင်း ဆက်သွယ်ရမည့် E-mail နှင့် လိပ်စာကတ်များလဲလှယ်၍ ချိတ်ဆက်ဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

**Source: ရတနာပုံကုန်သွယ်မှုဇဟိုဌာန (မန္တလေး)**

## ကမ္ဘာ့ရွှေဈေးနှုန်း ၁၄၈၉ ဒေါ်လာဝန်းကျင်အထိ ဆက်တက်ခဲ့ပြီး ပြည်တွင်းရွှေဈေးနှုန်း ငါးရက်ဆက်တိုက်စံချိန်ချိုးခဲ့ကာ အခေါက်ရွှေတစ်ကျပ်သား ကျပ် ၁၂၀၃၀၀၀ အထိ မြင့်တက်

ကမ္ဘာ့ရွှေဈေးနှုန်းသည် ဩဂုတ် ၇ ရက်တွင် ၁၄၈၉ ဒေါ်လာဝန်းကျင် အထိ ဆက်တက်ခဲ့ပြီး ပြည်တွင်းရွှေဈေးနှုန်း ငါးရက်ဆက်တိုက် စံချိန်ချိုး ခဲ့ကာ အခေါက်ရွှေတစ်ကျပ်သား ကျပ် ၁၂၀၃၀၀၀ အထိ မြင့်တက်ခဲ့ ကြောင်း ရွှေရောင်းဝယ်သူများထံမှသိရသည်။ ၂၀၁၆ ခုနှစ်မှစ၍ ၂၀၁၉ ခုနှစ် အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ် ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက် စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တို ဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊



၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၇ ရက်တွင် ကျပ် ၁၂၀၃၀၀၀ ဖြစ်သည်။

ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းကို ကျော်လွန်လာခဲ့ပြီး လက်ရှိအချိန်တွင် ကျပ် ၁၂၀၃၀၀၀ နီးပါးအထိ မြင့်တက်လာခြင်းဖြစ်သည်။

ပြည်တွင်းရွှေဈေးနှုန်းသည် ၂၀၁၉ ခု နှစ် ဇန်နဝါရီ ၃ ရက်တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်၌ဖြစ်ပေါ်ခဲ့သော ကျပ် ၁၀၄၇၇၀၀ စံချိန်ကို ကျပ် ၁၀၄၈၅၀၀၊ ဖြင့် ကျော်ဖြတ်ခဲ့ပြီး စံချိန်သစ်များ ဆက်တိုက်တင်ခဲ့ကာ ဇန်နဝါရီ ၃၁ ရက်တွင် ကျပ် ၁၀၆၃၀၀၀ အထိဖြစ်ပေါ်ခဲ့သည်။ ထို့နောက် ရွှေဈေးများ ဆက်လက်မြင့်တက်ခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀ အထိ၊ ၂၀၁၉ ခုနှစ် ဇွန် ၂၀ ရက်တွင် ကျပ် ၁၁၀၁၀၀၀ အထိ၊ ဇူလိုင် ၁၁ ရက်တွင် ကျပ် ၁၁၃၆၀၀၀ အထိ၊ ဇူလိုင် ၂၅ ရက်တွင် ကျပ် ၁၁၅၀၀၀၀ အထိ မြင့်တက်ခဲ့ ဩဂုတ် ၂ ရက်တွင် ကျပ် ၁၁၅၂၀၀၀ ဖြင့် စံချိန်ချိုးခဲ့ပြီး ဩဂုတ် ၃ ရက်တွင် ကျပ် ၁၁၅၄၉၀၀၊ ဩဂုတ် ၅ ရက်တွင် ကျပ် ၁၁၆၇၀၀၊ ဩဂုတ် ၆ ရက် တွင် ကျပ် ၁၁၇၃၀၀၀၊ ဩဂုတ် ၇ ရက်တွင် ကျပ် ၁၂၀၀၀၀၀ အထိ ငါးရက်ဆက်တိုက် စံချိန်သစ်တင်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ခြောက်လအတွင်း လအလိုက်အနိမ့်ဆုံးနှင့်အမြင့်ဆုံးရွှေဈေးနှုန်းများမှာ ဖေဖော်ဝါရီလအတွင်း ကျပ် ၁၀၆၁၀၀၀–၁၀၈၈၅၀၀၊ မတ်လအတွင်း ကျပ် ၁၀၄၂၅၀၀–၁၀၇၂၀၀၀၊ ဧပြီလအတွင်း ကျပ် ၁၀၃၆၀၀၀–၁၀၅၅၀၀၀၊ မေလအတွင်း ကျပ် ၁၀၃၆၀၀၀ –၁၀၅၉၀၀၀၊ ဇွန်လအတွင်း ကျပ် ၁၀၅၆၀၀၀ –၁၁၃၀၀၀၀၊ ဇူလိုင်လအတွင်း ကျပ် ၁၀၉၇၀၀၀ –၁၁၅၀၀၀၀ တို့ဖြစ်သည်။

လအလိုက်ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့် အမြင့်ဆုံး ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီတွင် ၁၂၇၈–၁၃၂၅ ဒေါ်လာ၊ ဖေ ဖော်ဝါရီတွင် ၁၃၀၇– ၁၃၄၃ ဒေါ်လာ၊ မတ် တွင် ၁၂၉၂– ၁၃၂၂ ဒေါ်လာ၊ ဧပြီတွင် ၁၂၆၉–၁၃၀၉ ဒေါ်လာ၊ မေတွင် ၁၂၇၀–၁၃၀၆ ဒေါ်လာ၊ ဇွန်တွင် ၁၃၀၅–၁၄၂၃ ဒေါ်လာ၊ ဇူလိုင်တွင် ၁၃၈၂–၁၄၄၅ ဝန်းကျင်ဖြစ်ပေါ်ခဲ့ပြီး ကွာဟချက် ဒေါ်လာ ၃၀ ဝန်းကျင်မှ ဒေါ်လာ ၁၀၀ ကျော်အထိရှိခဲ့သည်။

**Source:** https://news-eleven.com/article/127016

## ငွေကြေးအငြင်းပွားမှုဖြစ်ပေါ်နေစဉ် တရုတ်က ယွမ်ငွေလဲနှုန်းထပ်မံလျှော့ချ

ရှန်ဟိုင်း-ဘေဂျင်းနှင့်ဝါရှင်တန်ကြား ငွေကြေးအငြင်းပွားမှု ထပ်မံနက်ရှိုင်းလာစဉ် တရုတ်ဗဟိုဘဏ်က ယွမ်ငွေ၏ နေ့စဉ် ရည်ညွှန်းနှုန်းကို လျှော့ချသဖြင့် ယွမ်ငွေသည် ကန်ဒေါ်လာနှင့် နှိုင်းယှဉ်လျှင် ထပ်မံအားနည်းခဲ့သည်။ တရုတ် ဗဟိုဘဏ်က ယွမ်ငွေ၏ ဗဟိုရည်ညွှန်းနှုန်းကို ကန်တစ်ဒေါ်လာလျှင် ၆ ဒသမ ၉,၉၉၆ ယွမ်ဟု ဩဂုတ် ၇ ရက်က သတ်မှတ်

ခဲ့သည်။ ယင်းမှာ ဩဂုတ် ၆ ရက်က ဖြစ်ပေါ်ခဲ့သည့် ၁၁ နှစ်အတွင်း အနိမ့်ဆုံးထက်ပင်လျော့နည်းသည်။

ထို့ကြောင့် ဩဂုတ် ၇ ရက် နေ့လယ်ရောင်းဝယ်မှုတွင် ယွမ်ငွေတန်ဖိုး ထပ်မံကျဆင်းပြီး တစ်ဒေါ်လာလျှင် ၇ ဒသမ ၀၄၅၄ ယွမ်သို့ ရောက်ရှိသည်။ စက်တင်ဘာ ၁ ရက်ကစ၍ တရုတ်နိုင်ငံမှ ကုန်ပစ္စည်းများအပေါ် အခွန်အသစ်များ ထပ်မံချမှတ်မည် ဟု အမေရိကန်က ကြေညာပြီး ရက်အနည်းငယ်အကြာတွင် ယွမ်ငွေတန်ဖိုးသည် ဒေါ်လာနှင့် နှိုင်းယှဉ်ပါက အရေး ပါသော ၇ ယွမ်အမှတ်ကို ဩဂုတ် ၅ ရက်က ကျော်လွန်ခဲ့သည်။ ယင်းနှင့်အတူ ဝါရှင်တန်က ဘေဂျင်းကို ငွေကြေးခြယ်လှယ်သူအဖြစ် တရားဝင်တံဆိပ်ကပ်ခဲ့သည်။

တရုတ်ဗဟိုဘဏ်က အမေရိကန်၏ ပြောဆိုမှုကို အခိုင်အမာငြင်းဆိုပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိရေး ငွေတန်ဖိုးချခြင်းမျိုးကို လုပ်ဆောင်မည်မဟုတ်ဟု တရုတ်ဗဟိုဘဏ်အကြီးအကဲ ယီဂန်းက ကြာရှည်စွာကပင်ပြောကြားခဲ့သည်။ ယွမ်ငွေကို တန်ဖိုးကျဆင်းခွင့်ပြုခြင်းသည် တရုတ်နိုင်ငံခြား ပို့ကုန်များဈေးနှုန်းချိုသာစေပြီး အမေရိကန်က ဒဏ်ခတ်ချမှတ်သော အခွန် အကောက်အချို့ကို ထေမိစေကြောင်းသိရသည်။ တရုတ်ဗဟိုဘဏ်က ယွမ်ငွေလဲနှုန်းကို နေ့စဉ်သတ်မှတ်ကြောင်းသိရ သည်။

**Source:** http://www.7daydaily.com/story/163144

## ယွမ်ငွေတန်ဖိုးကျနေ၍ မြန်မာ့ပို့ကုန်လုပ်ငန်းရှင်များ အကျပ်အတည်းကြုံတွေ့

အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲ၏ အကျိုးဆက်အဖြစ် ယွမ်ငွေတန်ဖိုးကျဆင်းလာမှုကြောင့် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်း လေးခုမှတစ်ဆင့် ကုန်ပစ္စည်းတင်ပို့နေသည့် မြန်မာ့ပို့ကုန်လုပ်ငန်းရှင်များ အကျပ်အတည်း ကြုံနေသည်ဟု ကာယကံရှင်အချို့ကပြောသည်။ ဆန်၊ ပြောင်းဖူးစေ့စသော လယ်ယာထွက်ကုန်များ၊ ငါးရှဉ့်၊ ကဏန်းကဲ့သို့ ရေထွက်ကုန်များအပါအဝင် တစ်ရက်လျှင် ကန်ဒေါ်လာ ၁၂ သန်းဖိုးခန့် မြန်မာနိုင်ငံမှတင်ပို့နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားပို့ကုန် ပမာဏသည် တစ်ရက်လျှင် ဒေါ်လာ ၄၆ သန်းကျော်ဖိုးရှိနေပြီး မြန်မာ-တရုတ်နယ်စပ် မူဆယ်၊ ကန်ပိုက်တီး၊ လွယ်ဂျယ်နှင့်ချင်းရွှေဟော်တို့မှတစ်ဆင့် တင်ပို့မှုမှာ နိုင်ငံခြား ပို့ကုန်တန်ဖိုး စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းခန့်ရှိသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစာရင်းများတွင် ပို့ကုန်တန်ဖိုးကို အမေရိကန်ဒေါ်လာဖြင့် ဖော်ပြသော်လည်း အထက်ပါနယ်စပ်များတွင်မူ မြန်မာ့ပို့ကုန်များကို တရုတ်နိုင်ငံသုံး ယွမ်ငွေသုံးစွဲပြီး ရောင်းချနေရသဖြင့် မြန်မာပို့ကုန် လုပ်ငန်းရှင်များ အခက်ကြုံနေသည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားသုံးငွေတွင် အမေရိကန်ဒေါ်လာပြီးလျှင် တရုတ်ယွမ်ငွေတန်ဖိုး အပြောင်းအလဲက စီးပွားရေးအပေါ် အကြိုးသက်ရောက်မှု များစွာရှိနေသည်။ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် ကုန်သွယ်ရေး တွင် ယွမ်ငွေနှင့် အရောင်းအဝယ်ပြုလုပ်ရခြင်းကြောင့် ယွမ်ငွေတန်ဖိုးကျဆင်းခြင်းက တရုတ်သို့တင်ပို့နေသည့် မြန်မာ့ပို့ကုန် တန်ဖိုး လျော့နည်းနိုင်သည်ဟု ပို့ကုန်လုပ်ငန်းရှင်အချို့ကပြောသည်။ နယ်စပ်မှာကယွမ်ငွေပဲသုံးရတာဟု မြန်မာနိုင်ငံ မော်တော်ယာဉ်တင်သွင်းထုတ်လုပ် ဖြန့်ဖြူးရောင်းချသူများအသင်း ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းကပြောသည်။

နယ်စပ်မှတစ်ဆင့် တရုတ် နိုင်ငံသို့ ရောင်းချသည့် ပို့ကုန် အားလုံးနီးပါးကို ယွမ်ငွေဖြင့်သာ ရောင်းချရသော်လည်း မြန်မာ အစိုးရကို အခွန်ဆောင်ရာတွင် ကန်ဒေါ်လာသုံးရ၍ ကွာခြားသည့်နှုန်းထားတို့ကြောင့် နစ်နာမှုများရှိနေသည်ဟု မြန်မာပို့ကုန် လုပ်ငန်းရှင်အချို့ကပြောသည်။ လက်ရှိတွင် ဒေါ်လာနှင့်ယွမ်ငွေလဲနှုန်းသည် ဆယ်စုနှစ်တစ်ခုအတွင်း အဆိုးရွားဆုံးကွာခြား မှုနှင့်ကြုံတွေ့နေသည်။ တစ်ဒေါ်လာ ကွာခြားနှုန်းလျှင် ၆ ဒသမ ၇ ယွမ်ဝန်းကျင်မှ ၇ ဒသမ ၁ ယွမ်ဝန်းကျင်သို့ ပြောင်းလဲ လာခြင်းဖြစ်သည်။ ထိုသို့ ယွမ်ငွေတန်ဖိုးကျဆင်းသွားခြင်းကြောင့် မြန်မာပို့ကုန်လုပ်ငန်းရှင်များကို အထိနာစေသည်ဟု ၎င်းတို့ကပြောသည်။ အခုယွမ်တန်ဖိုးကျတာ ကုန်သည်တွေအတွက် နစ်ခါနာတာပဲ။ ပို့ကုန်အတွက် ရတဲ့ဈေးတွေက ရှုံးနေတဲ့အပြင် ငွေလဲနှုန်းကပါ ထပ်ပြီးနာတာပေ့ါဟု မူဆယ်ဆန်ကုန်စည်ဒိုင်မှအသင်းဝင် ဆန်ကုန်သည် ဦးမင်းသိန်းက ပြောသည်။

ယွမ်ငွေတန်ဖိုးသည် ဒေါ်လာနှင့်လဲလှယ်နှုန်းသာမက ကျပ်ငွေနှင့် တိုက်ရိုက်လဲလှယ်နှုန်းတွင်လည်း ကျဆင်းနေခြင်း ဖြစ်သည်။ ပြီးခဲ့သည့် ဇူလိုင်နှင့်နှိုင်းယှဉ်ကြည့်မည်ဆိုပါက တစ်ယွမ်လျှင်၅ ရာခိုင်နှုန်းခန့် တန်ဖိုးလျော့ကျသည်။ ဇူလိုင် အတွင်းက တစ်ယွမ်လျှင် ၂၂၅ ကျပ်ခန့်ရှိသော်လည်း ဩဂုတ် ၆ ရက်တွင် ၂၁၃ ကျပ်သို့ ကျဆင်းလာခြင်းဖြစ်သည်။ မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးလုပ်ငန်းများ၌ ယွမ်ငွေတန်ဖိုးကျဆင်းခြင်းသည် မြန်မာ့ပို့ကုန်လုပ်ငန်းရှင်များကို ထိခိုက်စေ သော်လည်း သွင်းကုန်လုပ်ငန်းရှင်များအတွက်မူ အခွင့်အလမ်းတစ်ခုဖြစ်နေသည်ဟု ကုန်သည်အချို့ကပြောသည်။ မြန်မာ-တရုတ်နယ်စပ်မှ သွင်းကုန်တန်ဖိုးသည် စီးပွားကူးသန်းဝန်ကြီးဌာနစာရင်းများအရ တစ်ရက်လျှင် ဒေါ်လာငါးသန်းကျော်ဖိုး ရှိသည်။

**Source:** http://www.7daydaily.com/story/163124

## မြန်မာနိုင်ငံကော်ဖီလုပ်ငန်းရှင်(SME)အချို့ကို ဂျာမဏီနိုင်ငံ(GIZ) က ငွေကြေးအကူညီများ ထောက်ပံ့ပေးသွားမည်



ဂျာမဏီနိုင်ငံ၊ GIZ အဖွဲ့အစည်းသို့ တင်သွင်းရမည့် Proposal ရွေးချယ်ခံရသည့် မြန်မာနိုင်ငံကော်ဖီလုပ်ငန်းရှင် SMEများကို Coffee Innovation Fund အနေဖြင့် ငွေကြေးအကူညီများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှသိရသည်။

ထိုသို့ ဂျာမဏီနိုင်ငံ၊ GIZ အဖွဲ့အစည်းမှ ထောက်ပံ့သည့် Coffee innovation Fund Project အတွက် ကော်ဖီလုပ်ငန်းရှင်များအနေဖြင့် proposal ရေးသားတင်သွင်းရမည်ဖြစ်ပြီး proposal ရွေးချယ်ခံရသူများကို Euro 10,000 မှ 50,000 ထိ ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်းသိရသည်။ Proposalတွေကို အခုဩဂုတ်လ အတွင်းလက်ခံပြီးစက်တင်ဘာလအတွင်း Selection Process ရွေးချယ်မယ်လာမယ့် ၂၀၂၀ ဒီဇင်ဘာလမှာ project ကာလ ပြီးဆုံးမှာဖြစ်ပါတယ် ဒီ Fund နဲ့ပတ်သက်ပြီး သက်ဆိုင်တဲ့အချက်အလက်တွေ ဖြန့်ဝေပေးဖို့ပွဲကိုလည်း ပြင်ဦးလွင်မြို့မှာကျင်းပသွားဖို့ရှိပါတယ်ဟု စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဌာနခွဲမှူး ဒေါ်အိအိခိုင်က ပြောပြသည်။ Coffee Supply Chain တလျှောက်ရှိ MSMEs လုပ်ငန်းများအား GIZ မှ ကူညီ ထောက်ပံ့ပေးမည့် Coffee Innovation Fund နှင့်သက်ဆိုင်သည့်သတင်းအချက်အလက်များကို ဖြန့်ဝေရန်အတွက် ပြင်ဦးလွင်မြို့တွင် ကျင်းပပြုလုပ်ရန်ရှိပြီး ကော်ဖီလုပ်ငန်းလုပ်ကိုင်နေသည့် SME လုပ်ငန်းများသို့ သတ်မှတ်လူဦးရေရရှိပါက အချိန်နှင့် နေရာများကို ပြန်လည်ကြေငြာပေးသွားမည်ဖြစ်ကြောင်းသိရသည်။ Coffee innovation Fund Project အတွက်proposal ရေးသားရာတွင်(1) Innovative farming systems ၊ (2)Transparent Inclusive business models ၊ (3) Access to new markets စသည့် ခေါင်းစဉ် (၃)ခုကိုအဓိကထား၍ ရေးသားရမည်ဖြစ်သည်။

ဩဂုတ်လမှစ၍ Proposal များစတင်လက်ခံပြီး ဩဂုတ်လ ၃၁ရက်နေ့တွင်နောက်ဆုံး တင်သွင်းရမည်ဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။

**Source:** http://www.betvmyanmar.com/my/news/

## ကုန်သွယ်မှု ၂၈ ဒသမ ၇ ဘီလီယံကျော်အထိရှိလာ

ကုန်သွယ်မှု ၂၈ ဒသမ ၇ ဘီလီယံကျော်အထိရှိလာခဲ့ပြီလို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ဇူလိုင်လကုန်ပိုင်း ထုတ်ပြန်ချက်အရသိရပါတယ်။ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ ၂၀ ဘီလီယံကျော်အထိရှိလာခဲ့ပြီး နယ်စပ်ကုန်သွယ်မှုမှကန်ဒေါ်လာ ၈ ဘီလီယံကျော်အထိရှိလာခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ကုန်သွယ်မှုထက် ကန်ဒေါ်လာ ၅၄ သန်းကျော် ပိုများတယ်လို့သိရပါတယ်။ ပို့ကုန်အုပ်စုမှာ လယ်ယာထွက်ကုန်ကန်ဒေါ်လာ ၂၇၇၇ သန်းကျော်၊ ရေထွက်နဲ့ တိရိစ္ဆာန်ထွက်ကုန် ကန်ဒေါ်လာ ၉၆၂ သန်းကျော်၊ သတ္တုတွင်းထွက်တင်ပို့မှုမှ ကန်ဒေါ်လာ၁၂၈၄ သန်းကျော်၊ သစ်တောထွက်ကုန်မှကန်ဒေါ်လာ ၁၄၁ သန်းကျော်၊ စက်မှုကုန်ချောကန်ဒေါ်လာ ၇၉၄၂ သန်းကျော်နဲ့ အခြားအမယ်စုံတင်ပို့မှုမှ ကန်ဒေါ်လာ ၆၇၈ သန်းကျော်ရရှိထားပါတယ်။

သွင်းကုန်အုပ်စုမှာ ရင်းနှီးမြုပ်နှံမှုကုန်ပစ္စည်းတင်သွင်းမှုမှကန်ဒေါ်လာ ၄၇၀၀ သန်းကျော်၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတင်သွင်းမှုမှ ကန်ဒေါ်လာ ၅၅၇၅ သန်းကျော်၊ လူသုံးကုန်ပစ္စည်းတင်သွင်းမှုမှ ကန်ဒေါ်လာ ၂၆၉၈ သန်းကျော်နဲ့ CMP ကုန်စည်တင်သွင်းမှုမှ ကန်ဒေါ်လာ ၁၉၄၄ သန်းကျော်ရရှိထားပါတယ်။

**Source:** https://www.facebook.com/SFJWeekly/posts/2184284828325464?__tn__=K-R

## ဈေးနှုန်းထိန်းဖို့ ရန်ကုန်ရွှေဈေးကွက်ပိတ်ထား



မနေ့က ကမ္ဘာ့ရွှေဈေးကွက်မှာ ရွှေတအောင်စကို မနေ့က ၁၄၉၁ ဒေါ်လာထိ ရောက်ခဲ့ပြီး ပြည်တွင်းရွှေဈေးကွက်မှာလည်း ဒီနေ့ ဩဂုတ်လ ၇ ရက်ညနေမှာ အခေါက် ရွှေတစ်ကျပ်သားကို ၁၂သိန်းနီးပါး ဖြစ်လာပါတယ်။ ရန်ကုန်မှာတော့ လက်ရှိမှာ ဈေးကွက်ပိတ်ထားပြီး အရောင်းအဝယ်ကိုလည်း ထိန်းထိန်းသိမ်းသိမ်းလုပ်ကြဖို့ ရွှေလုပ်ငန်းရှင်အသင်းတာဝန်ရှိသူတွေက ဒီနေ့ပြောလိုက်ပါတယ်။ ကမ္ဘာ့ရွှေဈေးက တနေ့တခြား တရိပ်ရိပ်တက်နေပြီး သူနဲ့ချိတ်ဆက်ထားတဲ့ ပြည်တွင်းရွှေဈေးကလည်း အခေါက်ရွှေ တစ်ကျပ်သားကို ၁၁၉၇၀၀၀ ကျပ်အထိရောက်လာပါတယ်။ မနေ့ကနဲ့ ဒီနေ့ ၂ရက်လုံး ရန်ကုန်မှာရွှေဈေးကွက်မဖွင့်ဘဲ အရောင်းအဝယ်မရှိသလောက်ဖြစ်နေတယ်လို့ ရွှေလုပ်ငန်းရှင်တွေကပြောပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်အသင်းဝင်တွေ ဒီနေ့အစည်းအဝေးလုပ်ကြပါတယ်။ ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း ပြန်ကြားရေးတာဝန်ခံ ဦးအေးချို့က အခုလိုပြောပါတယ်။

ရွှေဈေးနှုန်းတည်ငြိမ်အောင်ပေါ့နော် ဈေးတွေဆက်မတက်အောင်ဆိုပြီး ဒီနေ့အစည်းအဝေး ခေါ်တာပေါ့နော်။ အရောင်းအဝယ်တွေကို ထိန်းထိန်းသိမ်းသိမ်းလုပ်ကြဖို့ နောက်မလိုအပ်ရင်မဝယ်ဖို့မရောင်းဖို့ တစ်ပိုင်းလိုအပ်ရင် တစ်ပိုင်းဝယ်၊ နှစ်ပိုင်းလိုအပ်ရင် နှစ်ပိုင်းဝယ် အဲဒါမျိုးလေးတွေချပြတာပေါ့။ ဘယ်လိုပြောရမလဲ အရောင်းအဝယ် မလုပ်တဲ့ သဘောပါပဲ။ ဒီနေ့ ဩဂုတ် ၇ရက် ညနေပိုင်းမှာ ကမ္ဘာ့ရွှေဈေးက တအောင်စကို အမေရိကန်ဒေါ်လာ ၁၄၉၄ ထိဖြစ်နေပါတယ်။ အမေရိကန်ဒေါ်လာ တန်ဖိုးကလည်း မြန်မာငွေနဲ့လဲလှယ်နှုန်းမှာ ဆက်ပြီးတက်နေလို့ ပြည်တွင်း ရွှေဈေးကလည်း မကျနိုင်သေးကြောင်း အောင်သမာဓိရွှေဆိုင် အထွေထွေမန်နေဂျာ ဦးမော်ကပြောပါတယ်။

သတိထားမိသလောက်ဆိုရင် ခြောက်နှစ်အတွင်းမှာ ဒီကောင်အမြင့်ဆုံး ရောက်နေတယ်။ တကယ်တမ်းပြောမယ်ဆိုရင် အခုဒီလိုအချိန်မျိုးမှာ ဖြစ်သင့်တာက ဒေါ်လာဈေးကကျရမှာလေ အရင်တုန်းက ဒေါ်လာနဲ့ ကမ္ဘာ့ရွှေဈေးနဲ့ ပြောင်းပြန် အချိုးလေ။ ရှင်းရှင်းပြောရရင် ကျနော်တို့ကုန်သည်လောကမှာ ၁၁သိန်းနဲ့ တစ်သောင်းခွဲနှစ်သောင်း ရောက်လာတဲ့အချိန်မှာ ဒီဈေးတန်းတွေကကျရမယ့်အခြေအနေရောက်နေပြီလို့။ ကုန်သည်တွေတော်တော်များများက ရောင်းမထွက်တာတောင်မှပဲ အကျကို ပြန်စောင့်နေကြတာ အခုအချိန်အထိဘယ်သူမှ ပြန်မဝယ်ဘူး။ မနှစ်က ၂၀၁၈ ဩဂုတ်လ ဒီအချိန်မှာ ကမ္ဘာ့ရွှေဈေး က တအောင်စကို ဒေါ်လာ ၁၂၀၀ ဝန်းကျင်ရှိခဲ့ပြီး ၂၀၁၉ အစမှာစတက်ခဲ့ပါတယ်။ အဲဒီနောက် တဖြည်းဖြည်း ထပ်တက်နေပြီး ၂၀၁၉ ဇွန်လ ၂၀ရက်မှာ တအောင်စကို ဒေါ်လာ ၅၀ခုန်တက်သွားလို့ ပြည်တွင်းရွှေဈေးကလည်း တကျပ်သား ကျပ် ၁၁သိန်းနဲ့ အမြင့်ဆုံးစံချိန်တင်ခဲ့ပါတယ်။ နောက်တနေ့ ဇွန်လ ၂၁ရက်မှာ ၁၁သိန်းကျော်ထိ ဆက်တက်နေခဲ့တာပါ။ အခု ဩဂုတ်လ ၇ ရက်မှာ ရွှေဈေး ၁၂သိန်းနီးနီး ရောက်လာတဲ့အခြေအနေကို မန္တလေးတိုင်း ရွှေလုပ်ငန်းရှင်များအသင်းက မနေ့ကအစည်းအဝေးလုပ်ပြီး အခြေအနေတချို့ကို သတင်းထုတ်ပြန်ခဲ့တယ်လို့ အသင်းဥက္ကဋ္ဌ ဦးတင်ထွန်းက ဗွီအိုအေကိုပြောပါတယ်။

ရွှေဈေးတက်လာတဲ့အလျောက်ရွှေသည် မဝယ်လည်းဘာမှမဖြစ်ဘူး ရွှေဈေးတက်လို့ ကုန်ဈေးနှုန်းတက်တာကြီးက ဖြစ်လာဦးမှာလေ ရွှေကမဝယ်ရင်ရတယ် ကုန်ဈေးနှုန်းက ဆန်တို့ ဆီတို့ကမစားလို့မရတဲ့အရာဆိုတော့ ရွှေမဝယ်လည်းရတဲ့ အတွက် ဈေးမြင့်ရင်ရှုံးမှာဆို မဝယ်ကြရင်ကောင်းတယ်ဆိုတာ ကျနော်တို့ ထည့်ပြောထားတာ ရှိတယ်။ နောက်တချက်က အရင်က တက်တယ်ဆိုတာ ကောလဟလကြောင့်တက်တာ အခုဟာက ကမ္ဘာ့ရွှေဈေးပေါ်မှာမှီပြီးတော့ တက်တာဆိုတော့ ဘာမှစိုးရိမ်စရာ မရှိဘူးလို့ ကျနော် ပြောထားပါတယ်။ အမေရိကန်- တရုတ်ကုန်သွယ်ရေးတင်းမာမှု ပြီးတော့ ကမ္ဘာ့စီးပွားရေး တိုးတက်နှုန်း နေးကွေးနေတာ၊ ကမ္ဘာနိုင်ငံအသီးသီးက ဗဟိုဘဏ်တွေရဲ့ ငွေကြေးပေါ်လစီဖြေလျှော့မှုတွေကြောင့် ကမ္ဘာ့ ရွှေဈေးက တအောင်စကို ဒေါ်လာ ၁၅၀၀ ကျော်သွားလိမ့်မယ်လို့ Bloomberg ကခန့်မှန်းထားပါတယ်။

Source: https://burmese.voanews.com

## တရုတ် ကုန်သွယ်ရေးအမြတ်ထွက်ရန် ငွေကြေးတန်ဖိုးဈေးကစားနေကြောင်း အမေရိကန်ဆို



တရုတ်သည် နိုင်ငံသုံးငွေယွမ်ငွေတန်ဖိုးကိုချပြီး ကုန်သွယ်ရေးအရ အမြတ်ထုတ်ရန် ကြိုးပမ်းနေကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက စွပ်စွဲခဲ့သည်။ တရုတ်သည် ယွမ်ငွေတန်ဖိုးချပြီး မသမာသည့်နည်းလမ်းကို အသုံးပြုနေကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကစွပ်စွဲပြီး နာရီအနည်းငယ်အကြာ၌ ဘဏ္ဍာရေးဝန်ကြီးဌာနက အထက်ပါအတိုင်းစွပ်စွဲခဲ့ခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသည် တရုတ်ကို ၁၉၉၄ ခုနှစ် ကတည်းက ငွေကြေးဆိုင်ရာ နာမည်ပျက်စာရင်းတွင် မထည့်ခဲ့ခြင်းဖြစ်သည်။ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ယခုထုတ်ပြန်ချက်ကြောင့် အမေရိကန်သည် တရုတ်အပေါ်ပိတ်ဆို့မှုများ ချမှတ်ရန်နီးစပ်လာပြီဖြစ်သည်။ ပို့ကုန်များ ကမ္ဘာ့ဈေးကွက်တွင် ဈေးအသာစီးရစေရန်နှင့် တရုတ်ပို့ကုန်များအပေါ် အမေရိကန်က ပိတ်ဆို့မှုသက်သာစေရန်အတွက် ဩဂုတ် ၅ ရက်အစောပိုင်းတွင် တရုတ်သည် ယွမ်ငွေတန်ဖိုးကို ၁၁ နှစ်အတွင်း အနိမ့်ဆုံးအထိချခဲ့သည်။ ယင်းကြောင့် တရုတ်သည် ငွေကြေးတန်ဖိုးကို လိုသလိုဈေးကစားနေပြီး အကျိုးဆက်အဖြစ် တရုတ်သည်သာ အထိနာမည်ဖြစ်ကြောင်း ထရမ့်က တွစ်တာ၌ရေးသားခဲ့သည်။ တရုတ်က ဖန်တီးခဲ့သည့် မမျှတသောယှဉ်ပြိုင်မှုများကိုတန်ပြန်ရန် နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့နှင့် လက်တွဲဆောင်ရွက်မည်ဖြစ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး ဌာနက ထုတ်ပြန်ခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/

## မြန်မာ- အီတလီတို့ကြား ရေစီမံခန့်ခွဲခြင်းနှင့် စက်မှုလယ်ယာဖွံ့ဖြိုးရေးစီမံကိန်း သုံးနှစ်ကြာ ပူးပေါင်းဆောင်ရွက်မည်

မြန်မာနိုင်ငံ၏လယ်ယာကဏ္ဍတွင် ရေစီမံခန့်ခွဲခြင်းနှင့် စက်မှုလယ်ယာဖွံ့ဖြိုးရေးစီမံကိန်းကို မန္တလေးတိုင်းဒေသကြီးတွင် သုံးနှစ်ကြာပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကသိရသည်။ ဒုတိယဝန်ကြီး ဦးလှကျော်က နှစ်နိုင်ငံကြားရေစီမံခန့်ခွဲမှုနဲ့ စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးလာဖို့ အီတလီနိုင်ငံရဲ့နည်းပညာအထောက်အပံ့နဲ့ စီမံကိန်းကာလ ၃ နှစ်တာ ပူးပေါင်းဆောင်ရွက်မှာဖြစ်တယ်ဟုပြောသည်။ အဆိုပါစီမံကိန်းကို မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ရွှေလုံဗိုလ်မြစ်ရေတင်နှင့် မြေအောက်ရေလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းတွင် ဆည်မြောင်းဆိုင်ရာ နည်းပညာစင်တာတည်ထောင်ခြင်း၊ စက်မှုလယ်ယာစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်ရှိ အမှတ် (၆၁) စက်မှုလယ်ယာစခန်းတွင် စက်မှုလယ်ယာဆိုင်ရာ နည်းပညာစင်တာ (Technological Center for Agricultural Mechanization ) တည်ထောင်ခြင်းတို့ပါဝင်သည်။

နိုင်ငံအတွင်း စိုက်ပျိုးရေ အလုံအလောက် ရရှိမှု အားနည်းလျက်ရှိခြင်းကြောင့် နိုင်ငံတကာ၏ အထောက်အပံ့များစွာ လိုအပ်နေကြောင်း၊ လယ်ယာကဏ္ဍတိုးတက်ချင်လျှင် လက်မှုလယ်ယာမှစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရမည့် လုပ်ငန်းစဉ်များမှာ ငွေကြေးအရင်းအနှီးမတတ်နိုင်သည့် စိန်ခေါ်မှုများရှိနေသည်။ လက်ရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် မျှော်မှန်း၍ မိရိုးဖလာ လုပ်ကွက်ငယ်လယ်မြေများအား စက်မှုလယ်ယာစနစ်ဖော်ထုတ်ခြင်း၊ ဆည်တာတမံကြီးများ၊ မြစ်ရေတင်စီမံကိန်းကြီးများ ပိုမိုထိရောက် အကျိုးရှိစွာ ရေရှည်အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းမွမ်းမံခြင်း၊ ရေကိုအကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေး ဆိုင်ရာ ပညာပေးလုပ်ငန်းများနှင့် သရုပ်ပြပွဲများကျင်းပခြင်းတို့ ပိုမိုဆောင်ရွက်ပေးရန်လိုအပ်နေသည်။ မြန်မာ-အီတလီ နှစ်နိုင်ငံအကြား လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းကို ဩဂုတ်လ ၂ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့သည်။

**Source:** https://www.facebook.com/amiamyanmar/?_ga

## ယခုနှစ်အတွင်း ပြည်ပသို့ ပဲစင်းငုံတန်ချိန် ၅၆ဝဝဝ ကျော်သာတင်ပို့ထား

ယခုနှစ် (ဇန်နဝါရီလမှ ဇူလိုင်လ) အတွင်း ပြည်ပသို့ပဲစင်းငုံတန်ချိန် ၅၆ဝဝဝ ကျော်သာ တင်ပို့ထားနိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ သို့သော် ယခုနှစ်အတွင်း အိန္ဒိယအစိုးရက ကိုတာစနစ်ဖြင့် ပဲစင်းငုံတန်ချိန်နှစ်သိန်း တိုးမြှင့်တင်သွင်းသွားမည်ဖြစ်၍ မြန်မာ့ပဲကုန်သည်များအနေဖြင့် ကြိုတင်ချိတ်ဆက် ဆောင်ရွက်ထားရန်လိုအပ်ကြောင်း ကုန်သည်များကဆိုသည်။ အိန္ဒိယအစိုးရက အရင်မူလက ပဲစင်းငုံတန်ချိန်နှစ်သိန်းပဲ တင်သွင်းခွင့်

ပြုခဲ့တာဖြစ်တယ်။ အခု နောက်တိုးတန်ချိန် နှစ်သိန်း ထပ်မံခွင့်ပြုလိုက်တယ်။ တင်သွင်းမယ့် အချိန်ကိုတော့ အောက်တိုဘာ ၃၁ ရက် နောက်ဆုံးထားပြီးတော့ အိန္ဒိယဆိပ်ကမ်းအရောက်ပို့ရမှာဖြစ်တယ်ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များ အသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။

အိန္ဒိယဗဟိုအစိုးရ၏ နိုင်ငံခြားကုန်သွယ်မှုမူဝါဒအရ ၂၀၁၇ ခုနှစ်မှ စတင်၍ ပဲစင်းငုံကို ကန့်သတ်တင်သွင်းမည့်ကုန်စည်အဖြစ် သတ်မှတ်ထားရှိခဲ့ကြောင်း၊ သို့သော် လက်ရှိတွင် ပြည်တွင်းလိုအပ်ချက်အရ သတ်မှတ်ထားသည့်ရက် (အောက်တိုဘာလ ၃၁) အတွင်း ကိုတာ တန်ချိန် ၄ သိန်းအထိ တင်သွင်းခွင့် ပြုလိုက်ခြင်းဖြစ်ကြောင်းသိရသည်။ အဆိုပါ ဂန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးသူက တစ်ခြားပဲတွေတော့ ပိုတင်ပို့ထားပေမယ့် ပဲစင်းငုံ တင်ပို့ တာကတော့ လျော့နည်းလာတယ်။ ပြည်တွင်းမှာ လျော့ချစိုက်ထားတာကြောင့်လည်း ပါတယ် ” ဟု ပြော သည်။

လက်ရှိ မြန်မာ့ပဲမျိုစုံကို ဂယ်ယူနေသည့် အိန္ဒိယကုမ္ပဏီပေါင်း ၁၁၀၀ ခန့် ရှိနေသလို တင်ပို့နေသည့် မြန်မာ ကုမ္ပဏီပေါင်း ၁,၀၀၀ ခန့် ရှိကြောင်း သိရသည်။

မြန်မာ့ပဲစင်းငုံ စိုက်ပျိုးထွက်ရှိမှု၏ ၉၀ ရာခိုင်နှုန်းကျော်ကို အိန္ဒိယနိုင်ငံသို့ တင်ပို့လျက်ရှိပြီး ပြည်တွင်း၌ ယခင်က တစ်နှစ်လျှင် စိုက်ဧကပေါင်း ၁၆ သိန်းနီးပါးရှိရာမှ ယခုနှစ်တွင် ၃၀ ရာခိုင်နှုန်းခန့်သာ စိုက်ပျိုးထားပြီး၊ မန္တလေး တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် စိုက်သည့်ပဲစင်းငုံအများစုမှာ သက်ကြီးမျိုးများဖြစ်၍ ပဲစင်းငုံစိုက်ပျိုးဧရိယာ၏ ၉၀ ရာခိုင်နှုန်းကျော်မှာ သီးညှပ်သီးနှံအဖြစ် စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံက ပဲစင်းငုံတင်ပို့လျက်ရှိသောနိုင်ငံများမှာ အိန္ဒိယ၊ စင်ကာပူ၊ အမေရိကန်၊ ကနေဒါ၊ အာရတ် စော်ဘွားများနိုင်ငံ၊ ပါကစ္စတန်၊ နီပေါ၊ ယူနိုင်တက်ကင်ဒမ်းနှင့်မလေးရှားနိုင်ငံတို့ဖြစ်သည်။ မြန်မာနိုင်ငံမှ ပြည်ပသို့ ၂၀၁၆-၁၇ ဘဏ္ဍာနှစ် ပဲစင်းငုံ တန်ချိန် ၁၆၀၀၀၀ ကျော်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၂၀၀၀၀ ကျော် တင်ပို့ခဲ့ကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2370940219658127?__tn__=K-R

## ထီးခီး နယ်စပ်ကုန်သွယ်မှု မြင့်တက်

ထိုင်းနှင့်ကုန်သွယ်မှုပြုနေသည့် တနင်္သာရီတိုင်းဒေသကြီးရှိ နဘူးလယ် (ထီးခီး) နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းသည် သဘာဝဓာတ်ငွေ့တင်ပို့မှုကြောင့် ကုန်သွယ်မှုပမာဏမြင့်တက်လာကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က မြန်မာတိုင်း(မ်)ကိုပြောသည်။

ပြီးခဲ့သည့်နှစ် ကာလတူကုန်သွယ်မှု ပမာဏသည် အမေရိကန်ဒေါ်လာ ၁၂၁ သန်းခန့်သာရှိရာမှ ယခုနှစ်တွင်ကန်ဒေါ်လာ နှစ်ဘီလျံခန့်အထိ မြင့်တက်သွားသည်ဟု ၎င်းကပြောသည်။ ထီးခီးနှင့်နယ်စပ်ကုန်သွယ်မှု အမေရိကန်ဒေါ်လာနှစ်ဘီလျံခန့်တွင် သဘာဝဓာတ်ငွေ့က ၁ ဒသမ ၉ ဘီလျံခန့် တင်ပို့ထားခြင်းဖြစ်သည်ဟု ၎င်းကပြောသည်။

**Source:** https://myanmar.mmtimes.com/news/126686.html

## STOCK EXCHANGE (8.8.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 8th Aug. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,000 | 11,500 | 11,000 | 3,310 | 38,062,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 2,898 | 9,853,200 | 38,929,150 | 132,359 |
| MCB | 00003 | 8,000 | +100 | +1.27% | 8,000 | 8,000 | 8,000 | 40 | 320,000 | 10,400,986 | 83,208 |
| FPB | 00004 | 26,000 | +500 | +1.96% | 25,500 | 26,000 | 25,500 | 36 | 930,500 | 2,472,053 | 64,273 |
| TMH | 00005 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 1,540 | 4,543,000 | 12,823,224 | 37,829 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 459.69 | +1.66 | +0.36% | 448.13 | 459.69 | 448.13 | 7,824 | 53,709,200 | 5 | 629,466 |

**Index chart**




# Market Overview

As of 1:00 pm, 8th Aug. 2019

| MYANPIX | 459.69 ▲ 1.66 |
|---|---|
| Total Volume (shares) | 7,824 |
| Total Value (MMK) | 54 mil |
| Listed Company | 5 |
| Market Cap. (MMK) | 629,466 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 3,400 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 100 |
| FPB | 00004 | 26,000 | ▲ 500 |
| TMH | 00005 | 2,950 | ▲ 0 |